KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့

# ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ
## မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ***"ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ - မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း"*** ခေါင်းစဉ်ဖြင့် နောက်ဆုံးထွက် ထုတ်နုတ်တင်ပြချက်အစီရင်ခံစာကို ရေးသားဖြန့်ဝေလိုက်ပါသည်။

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများတွင် လက်နက်ကိုင်အဖွဲ့များအစား အရပ်သားပြည်သူများကို ဦးတည်ပစ်မှတ်ထားပြီး တိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့ပါသည်။ သတ်ဖြတ်မှု၊ လေကြောင်း တိုက်ခိုက်မှု၊ လက်နက်ကြီး၊ လက်နက်ငယ်ရမ်းသန်းပစ်ခတ်မှု၊ အဓမ္မဖမ်းဆီးမှု၊ ပိုင်ဆိုင်မှုများအား ဖျက်ဆီး လုယူမှုအပါအဝင် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများသည် ဒေသတွင်းရှိလူမှုအသိုက်အဝန်းများအပေါ် ဆိုးရွားသည့်အကျိုးဆက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေပါသည်။ ဒေသခံရွာသူရွာသားများအား တွေ့ဆုံမေးမြန်းမှုများနှင့် ကွင်းဆင်းအစီရင်ခံစာများ၏ ကောက်နုတ်ချက်များမှ ရေးသားထားသော၍အစီရင်ခံစာသည် ဒေသအတွင်းတွင် မြန်မာစစ်တပ်မှအရပ်သား ပြည်သူများအပေါ်ကျူးလွန်သည့်ကွဲပြားသောဖိနှိပ်မှုပုံစံများကို တင်ပြထားပါသည်။ ဤအစီရင်ခံစာသည် တိုင်းရင်းသားဒေသများရှိ အရပ်သားပြည်သူလူထုများအပေါ် မြန်မာစစ်တပ်၏ အုပ်စုလိုက်ပြစ်ဒဏ်ပေးခြင်းဆိုင်ရာအလေ့အကျင့်ကို မီးမောင်းထိုးပြပြီး နိုင်ငံအတွင်း စစ်တပ်မှကျူးလွန်သောရာဇဝတ်မှုနှင့် လူသားမဆန်သောလုပ်ရပ်များကို ပိုမိုနားလည်သဘောပေါက်စေပါမည်။

ဤအစီရင်ခံစာသည် ရွာသူရွာသားများ၏ကြုံတွေ့နေရသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ အမြင်သဘောထားများနှင့် နားလည်သဘောပေါက်မှုများကို အထူးအလေးပေးရေးသားထားသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် စစ်ကောင်စီ၏အကြမ်းဖက်မှုများမှကာကွယ်ရန်၊ တွန်းလှန်ရန်၊ တိမ်းရှောင်ရန်နှင့် အကာအကွယ်ပေးရာတွင် ဒေသခံအရပ်သားများ၏ကြိုးပမ်းဆောင်ရွက်မှုများသည် မရှိမဖြစ်လိုအပ်ကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရွာသားများတောင်းဆိုသည့် ခိုင်မာသောကာကွယ်မှုအတိုင်းအတာများနှင့် လုပ်ဆောင်ချက်များကိုလည်း မီးမောင်းထိုးပြပါသည်။

ဤအစီရင်ခံစာသည် ဒေသတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာပါဝင်ပတ်သက်သူများအား ကရင်ပြည်နယ်အတွင်းရှိပြည်သူများသည် ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများအကြား ပစ်မှတ်ထားတိုက်ခိုက်မှုများ ရင်ဆိုင်နေရကြောင်းသဘောပေါက်စေရန်ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာသည် ရွာသားများ၏စွမ်းရည်ကို ပံ့ပိုးပေးခြင်း၊ ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန်နှင့် စစ်ကောင်စီ၏အရပ်သားပြည်သူလူထုများအပေါ် စနစ်တကျပစ်မှတ်ထား တိုက်ခိုက်ခြင်းများအား ပြတ်ပြတ်သားသားအရေးယူပေးရန် အရေးတကြီးလိုအပ်နေကြောင်းကို မီးမောင်းထိုးပြထားပါသည်။ ဤအရေးယူခြင်းဆိုင်ရာလုပ်ဆောင်မှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်း

တွင် အဓိပ္ပါယ်ပြည့်ဝသောငြိမ်းချမ်းရေးနှင့် တရားမျှတမှုရရှိလာအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်မရှိမဖြစ်လိုအပ်ပါ သည်။

နိုင်ငံတကာအသိုင်းအဝိုင်း၊ အာဆီယံ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရများထံသို့ အကြံပြုချက် များ -

- မြန်မာစစ်တပ်သည် လက်ရှိဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုအကြပ်အတည်းတို့၏ အဓိကတရားခံဖြစ်သည်ကို လက်ခံအသိအမှတ်ပြုပြီး ၎င်းတို့နှင့် သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းနှင့် စစ်အုပ်စုအားတရားဝင်အခွင့်အာဏာပေးအပ်နေ မှုများကို ရပ်တန့် ရန်။
- အာဆီယံအနေဖြင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်သောအရပ်သားအစိုးရ ပြန်လည် ဖွဲ့စည်းနိုင်သည့်အချိန်ထိ မြန်မာပြည်အား အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်မှဆိုင်းငံ့ထားရန်၊ လက်ရှိဘုံသ ဘောတူညီချက်ငါးရပ်အားပယ်ဖျက်ပြီး ပါဝင်ပတ်သက်သူများ၏ဝေဖန်ချက်များ ထည့်သွင်းထားသည့် အစီအစဉ်အသစ်အားရေးဆွဲရန်၊ မြန်မာပြည်သူများအပေါ် စစ်အာဏာရှင်၏အကြမ်းဖက်မှုအား ရပ်တန့်ရန်အတွက် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကရင်ပြည်နယ်ရှိပြည်သူများအပေါ် စစ်ကောင်စီမှချိုးဖောက်သည့် လက်ရှိစုံစမ်းစစ်ဆေးမှုများတွင် မပါဝင်သေးသောရာဇဝတ်မှုများကို အနာဂတ်တွင်ပြုလုပ်မည့်စစ်ဆေးမှုများတွင် လက်ရှိစုံစမ်းစစ် ဆေးမှုများ၌ ထည့်သွင်းထားခြင်းမရှိသေးသော စစ်ကောင်စီမှ ကရင်ပြည်နယ်ရှိပြည်သူများအပေါ် ချိုးဖောက်ခဲ့သည့် ရာဇဝတ်မှုများကို အနာဂတ်တွင် ပြုလုပ်မည့်စုံစမ်းစစ်ဆေးရေးတာဝန်ခံမှုနယ်ပယ် ကိုပို၍ တိုးချဲ့ရန်အပြင် စစ်ရာဇဝတ်မှုဆိုင်ရာအုပ်စုလိုက်ပြစ်ဒဏ်ပေးခြင်းနှင့်လူသားမျိုးနွယ်စုများ အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်။
- မြန်မာပြည်အတွင်းရှိ ဖိနှိပ်ခံပြည်သူများ၏အသံများနှင့်အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန် အတွက် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် မြေပြင်တွင်လှုပ်ရှားနေသူများအား ငွေကြေးပံ့ပိုးမှုပေးရန် နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိပြည်သူများအပေါ် စစ်ကောင်စီမှ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်နေသည့် အလေ့အထသည် မှန်ကန်ကြောင်းဝန်ခံသဘောတူရန်။ လေကြောင်းတိုက်ခိုက်မှုခံရခြင်း၊ နေရပ်ရွှေ့ ပြောင်းနေထိုင်ရခြင်း၊ ပိုင်ဆိုင်မှုများဖျက်စီးခံရခြင်း၊ အကြမ်းဖက်နှိပ်စက်ခံရခြင်း၊ အဓမ္မဖမ်းဆီးခံရ ခြင်းနှင့် အခြားသောချိုးဖောက်မှုခံရခြင်းများကို ရင်ဆိုင်ခံစားရသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများနှင့် အကာအကွယ်များပိုမိုတိုးမြှင့်ပေးရန်နှင့် လုံလောက်မှုရှိစေရန် အတွက် သေချာစွာဆောင်ရွက်ရန်။
- မြန်မာနိုင်ငံသို့ လေယာဉ်လောင်စာဆီတင်ပို့မှုနှင့် လက်နက်တင်သွင်းရောင်းချမှုအပါအဝင် လက်နက် ခဲယမ်းများနှင့် လုံခြုံရေးဆိုင်ရာကိရိယာများ တင်သွင်းခြင်းအပါအဝင် ထောက်လှမ်းရေးနည်းပညာ များနှင့် အခြားစစ်ဘက်ဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းများအပေါ်ရပ်တန့်အောင်လုပ်ဆောင်ပြီး ထိုကဲ့သို့ စစ်ဘက် ဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် တင်ပို့မှုနည်းလမ်းများကို တိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ကူညီပေး ခြင်းမရှိအောင် လက်တွေ့အကောင်အထည် ဖော်ဆောင်ရန်။

**ဆက်သွယ်ရန် -**

စောနန္ဒဆူး - စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ - hsue@khrg.org
နော်ဖောလား - စည်းရုံးလှုံ့ဆော်ရေးအရာရှိ - nawpawlah@khrg.org